# ဝိညာဉ်ဆုကျေးဇူး

YR C
NO. 5

အလွတ်ကျမ်းချက်။ တမန်တော်ဝတ္ထု ၅း၃၁၊ ၃၂

“ဣသရေလ လူတို့အား နောင်တတရားနှင့် အပြစ်လွှတ်ခြင်း အခွင့်ကိုပေးစေခြင်းငှါ၊ ထိုသူကို အစိုးရသော အရှင်အရာ၌၎င်း၊ ကယ်တင်သော သခင် အရာ၌၎င်း၊ ဘုရားသခင်ခန့်ထား၍ မိမိ လက်ျာလက်တော်နှင့် ချီးမြှင့်တော်မူပြီ။ ထိုအကြောင်းအရာတို့သည် အမှန်ဖြစ်ကြောင်းကို ငါတို့သည် သက်သေခံဖြစ်ကြ၏။ ဘုရားသခင်၏ စကားတော်ကို နားထောင်သော သူတို့အား ပေးသနားတော်မူသော သန့်ရှင်းသော ဝိညာဉ်တော်သည်လည်း သက်သေခံဖြစ်တော်မူသည်ဟု ပြောဆိုကြ၏။”





## တနင်္ဂနွေနေ့ | ကတိတော်အတွက် စောင့်မျှော်ခြင်း (တမန်တော်ဝတ္ထု ၁း၁၂-၂၆) ၁

ယေရှုခရစ်တော်သည် ကောင်းကင်သို့ တက်ကြွသွားပြီးနောက်၊ ကောင်းကင်တမန်များသည် တဖန်ကြွလာဦးမည်ဟူသော ကိုယ်တော်၏ ကတိတော်ကို ထပ်ပြောပြခဲ့သည်။ သို့သော် တပည့်တော်များသည် သခင်ယေရှုပြန်ကြွလာခြင်းကို စောင့်နေသောအခါ၌၊ မပျင်းရိနိုင်ခဲ့ပေ။ သခင်ယေရှုသည် သူမသွားခင်တုန်းက၊ အလွန်ကြီးမားသော အလုပ်တစ်ခုကို သူတို့အားပေးတော်မူခဲ့သည်။ မည်သည့် အလုပ်ဖြစ်မည်နည်း။ ရှင်မဿဲခရစ်ဝင် ၂၈း၁၈-၂၀။

ထိုအချိန်တွင် တပည့်တော်တို့သည် အဘယ်မျှလောက်သော အကူအညီ သူတို့၌လိုအပ်နေကြောင်း သိနားလည်ခဲ့ကြ၏။ သူတို့သည် သခင်ယေရှုမထွက်သွားခင် ပေးထားသောကတိတော်အားဖြင့် ခွန်အားယူခဲ့ကြသည်။ ထိုအရာသည် အဘယ်အရာဖြစ်သနည်း။ တမန်တော်ဝတ္ထု ၁း၈။

တပည့်တော်များသည် လွန်ခဲ့သောသုံးနှစ်တာမှ တချို့သော အကြောင်းအရာများကို အလေးအနက်တွေးတော ဆင်ခြင်ခဲ့ကြ၏။ သူတို့သည် အမှားများစွာ ပြုလုပ်ခဲ့မိကြသည်။ အတိတ်ကို ဖျက်ပြီး၊ အရာရာတိုင်းကို မှန်မှန်ကန်ကန်လုပ်နိုင်ဖို့ရန် သူတို့အဘယ်မျှလောက်အထိ ဆန္ဒပြုခဲ့ကြသနည်း။

အဘယ်သူက အကြီးမြတ်ဆုံးသောသူဖြစ်သည်ဟူသောအကြောင်းနှင့် ပတ်သက်၍၊ သူတို့ ငြင်းခုံခဲ့ကြသည့် အချိန်ကို ပြန်လည် သတိရခဲ့ကြ၏။ သခင်ယေရှုထံမှ နှိမ့်ချသိမ်မွေ့ခြင်းကို သင်ယူမည့်အစား၊ သူတို့သည် ကြွားဝါခြင်း၊ တကိုယ်ကောင်းဆန်ခြင်းဖြင့် အမြင့်ဆုံးသောနေရာ သို့မဟုတ် ရာထူးအတွက် အမြဲငြင်းခုံနေခဲ့ကြသည်။ သို့သော် ထိုအချိန်တွင်၊ သခင်ယေရှုအကြောင်းကို ထိရောက်စွာ သက်သေခံနိုင်ရန်အတွက် သူတို့သည် စည်းလုံးသောခရစ်ယာန်မေတ္တာရှိရန် လိုအပ်ကြောင်း သူတို့ သဘောပေါက်လာခဲ့ကြသည်။ ထို့ကြောင့် သူတို့သည် တဦးနှင့်တဦး မှန်မှန်ကန်ကန် ဆက်ဆံခဲ့ကြလေတော့သည်။ အမှားများလုပ်မိခြင်း၊ တကိုယ်ကောင်းဆန်သော ရန်ဖြစ်မှုများအတွက် တစ်ယောက်ကိုတစ်ယောက် တောင်းပန်ခဲ့ကြသည်။



သူတို့သည် ယေရှုမိန့်တော်မူခဲ့သည့်အရာများစွာကိုလည်း တွေးတောဆင်ခြင်ခဲ့ပြီး၊ မကြာခဏ မယုံကြည်ခဲ့သောအရာများကို ဝမ်းနည်းစွာ သတိရခဲ့ကြပြန်၏။ အို၊ အဘယ်မျှလောက်များသော အခွင့်အထူးများကို သူတို့လွဲချော်ခဲ့ကြသနည်း။ သူတို့သည် မိမိတို့၏အပြစ်များကို သခင်ယေရှုအား ဝန်ချတောင်းပန်ခဲ့ကြ၏။ ကိုယ်တော်သည် သူတို့အား ခွင့်လွှတ်ကြောင်း သူတို့သိခဲ့ကြသည်။ သူတို့၏ အသက်တာအနားယူချိန်အထိ သခင်ယေရှု၏အမှုဆောင်ရန် စိတ်ဆုံးဖြတ်ချက်ချခဲ့ကြသည်။ ကတိတော်ပေးထားသော သန့်ရှင်းသောဝိညာဉ်တော်၏အကူအညီကို သူတို့ဆုတောင်းခံခဲ့ကြသည်။

**လက်တွေ့ကျင့်သုံးရန် -** သင်ဖျက်ချင်သော သင့်ရဲ့အတိတ်အချို့အရာများ ရှိသလား။ စိတ်မညစ်ပါနဲ့။ ကျွန်ုပ်တို့သည် မိမိတို့၏အတိတ်ကို မပြောင်းလဲနိုင်ရင်တောင်မှ၊ ကျွန်ုပ်တို့တောင်းလျှင်၊ ဘုရားသခင်က ကျွန်ုပ်တို့အား ဝမ်းမြောက်ဝမ်းသာစွာ ခွင့်လွှတ်ပေးမည်ဖြစ်ကြောင်းကို သတိရပါ။ ရှင်ယောဟန်ဩဝါဒစာ ပထမစောင် ၁း၉။ နောက်လာမည့်နေရက်များအတွက် ဘုရားသခင်၏အကူအညီအားဖြင့် မှန်မှန်ကန်ကန်လုပ်ဆောင်ဖို့ရန် ကျွန်ုပ်တို့ ရွေးချယ်နိုင်ပါသည်။

## တနင်္လာနေ့ | ပင်တေကုတ္တေပွဲ (တမန်တော်ဝတ္ထု ၂) ၂

တပည့်တော်များသည် ကတိထားတော်မူသောသန့်ရှင်းသောဝိညာဉ်တော်ကို သခင်ယေရှု စေလွှတ်ရန် စောင့်နေခဲ့ကြသည်။ သို့သော် သူတို့သည် မည်သည့်အရာမှ မလုပ်ဆောင်ဘဲနေမည့်အစား၊ သူတို့၏အချိန်ကို ထိုအဖိုးကြီးမားသောဆုကျေးဇူးကို လက်ခံရရှိရန် စိတ်အားထက်သန်စွာ ပြင်ဆင်ခဲ့ကြသည်။ သူတို့သည် မိမိတို့၏အပြစ်များကို ဘုရားသခင်ထံသို့လည်းကောင်း၊ တစ်ဦးပေါ်တစ်ဦးသော်လည်းကောင်း ဝန်ခံတောင်းပန်ခဲ့ကြ၏။ ဘုရားသခင်၏အလိုတော်နှင့် မကိုက်ညီသောအရာမှန်သမျှကို ရှာဖွေတွေ့ရှိဖို့ရန် သူတို့၏လောကီရေးရာ အသက်တာများကို လုံးလုံးလျား စွန့်လွှတ်ခဲ့ကြ၏။ သူတို့သည် အခြားသောသူများကို သခင်ယေရှုခရစ်ထံသို့ ပို့ဆောင်ပေးရန် မိမိတို့က ကြံ့ခိုင်မှုရှိစေဖို့ရန်အတွက် အဘယ်သို့ ဆုတောင်းခဲ့ကြသနည်း။

(၁၀) ရက်တိတိ ပြီးဆုံးသောအခါ၌၊ သူတို့သည် ဘုရားသခင်နှင့်သော်လည်းကောင်း၊ တဦးအပေါ်တဦးသော်လည်းကောင်း၊ အပြည့်အဝသဟဇာတဖြစ်ခဲ့ကြသည်။ သမ္မာကျမ်းစာပြောထားသည်မှာ သူတို့သည် “တညီတညွတ်တည်း (သို့) စိတ်သဘောထားတစ်ခုတည်း ဖြစ်ခဲ့ကြသည်။

သို့သော် အာနနိနှင့် ရှဖိရေတို့သည် သူတို့၏စိတ်နှလုံးပြောင်းလဲသွားကြောင်းကို အဘယ်သူကိုမှ မသိစေချင်ခဲ့ပါ။ သူတို့သည် လူများ၏ လေးစားအထင်ကြီးခြင်းကို မဆုံးရှုံးချင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် သူတို့သည် မြေရောင်း၍ရသောငွေမှ အနည်းငယ်ကိုသာ ပေးလှူဖို့ရန် ဆုံးဖြတ်ခဲ့ကြ၏။ သို့သော် ငွေပမာဏအားလုံးကို ပေးလှူသည့်အတိုင်း ဟန်ဆောင်ခဲ့ကြ၏။

၎င်းသည် သူတို့၏ဒုတိယကြီးမားသော မှားယွင်းချက်ဖြစ်သည်။ ထိုအချိန်တွင် သူတို့မလုပ်သောအရာကို လုပ်သကဲ့သို့ ဟန်ဆောင်နေခဲ့ကြသည်။ ထိုအရာကို “သူတော်ကောင်းယောင်ဆောင်ခြင်း” ဟု ခေါ်သည်။ သူတို့၏တပ်မက်ခြင်းနှင့် ဟန်ဆောင်ခြင်းအမှုတို့ကို ဘုရားသခင်သည် မည်သို့ မှတ်ယူတော်မူခဲ့သနည်း။ ဝမ်းနည်းဖွယ်ကောင်းသော အကြောင်းအရာကို တမန်တော်ဝတ္ထု ၅း၂-၁၁ တွင် ဖတ်ပါ။

**လက်တွေ့ကျင့်သုံးရန် -** ဘုရားသခင်သည် ကျွန်ုပ်တို့အား သူပေးသောအရာအားလုံးမှ ဆယ်ဖို့တစ်ဖို့ကို ပြန်ပေးရန် တောင်းဆိုနေပါသည်။ ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာကို ဖော်ပြရန် လွတ်လပ်စွာပေးနိုင်သောအလှူငွေကို ပေးဖို့ရန်လည်း သူတောင်းဆိုခဲ့သည်။ မာလခိအနာဂတ္တိကျမ်း ၃း၈-၁၀။ သင်သည် ဘုရားသခင်အပေါ် ရိုးသားမှုရှိရဲ့လား။ ဘုရားသခင်၏အမှုတော်ပြီးမြောက်ဖို့ရန် ကူညီခြင်းထက် သင့်ငွေကြေးနှင့် သင့်ပိုင်ဆိုင်ခြင်းများသည် သင့်အတွက် ပိုအရေးကြီးသလား။ ထိုသို့ဖြစ်နေပါက၊ လောကီမြေကြီးရေးရာပိုင်ဆိုင်ခြင်းထက် သူ၏အမှုတော်ကို ချစ်တက်ဖို့ရန် သင့်အတွက်အကူအညီကို ဘုရားသခင်ထံသို့ တောင်းလျှောက်လိုက်ပါ။

## သောကြာနေ့ | ကောင်စီသို့ ဆောင်ခဲ့ကြခြင်း (တမန်တော်ဝတ္ထု ၅း၁၄- ၆း၇) ၆

လူအများက သန့်ရှင်းသောဝိညာဉ်တော်ကို တုန့်ပြန်ခဲ့ကြသည်နှင့်အမျှ၊ အသင်းတော်သည် အလျင်အမြန်ကြီးထွားတိုးတက်လာခဲ့သည်။ တပည့်တော်များသည်လည်း အံ့ဖွယ်သောနိမိတ်လက္ခဏာများ ပြုခဲ့ကြသည်။ တမန်တော်ဝတ္ထု ၅း၁၄-၁၆။ ဘာသာရေးခေါင်းဆောင်များသည် စိတ်ပျက်လက်ပျက်ဖြစ်နေကြ၏။ တပည့်တော်များ တိုးတက်ကြီးထွားမှု၏ လွှမ်းမိုးမှုသည် သူတို့၏ဩဇာအာဏာနှင့် ဩဇာလွှမ်းမိုးခြင်းကို လျော့နည်းစေကြောင်းကို သူတို့မြင်တွေ့ခဲ့ကြ၏။



သူတို့၏ခြိမ်းခြောက်မှုများသည် တပည့်တော်များကို ဟောပြောခြင်းနှင့် ဩဝါဒသွန်သင်ခြင်း မပြုရန် မတားဆီးနိုင်သောကြောင့် ဘာသာရေးခေါင်းဆောင်များသည် သူတို့ကို ထောင်ချခဲ့၏။ သို့သော် ညသန်းခေါင်ယံအတောအတွင်း ကောင်းကင်တမန်တစ်ပါးသည် ကြွလာပြီး၊ ထောင်တံခါးများဖွင့်ပေးခဲ့ပြီး၊ သူတို့၏အလုပ်များကို ဆက်လက်လုပ်ဆောင်ရန် ပြောပြခဲ့၏။ မင်းလုလင်တို့သည် နံနက်အချိန်၌ အကျဉ်းသားများကို ခေါ်ယူသောအခါ အဘယ်အရာဖြစ်ပျက်ခဲ့သနည်း။ အငယ် ၂၁-၂၅။

တမန်တော်တို့ကို ကြမ်းတမ်းစွာပြုမူခေါ်ဆောင်ပါက လူများတို့၏မုန်းတီးခြင်းကို ခံရမည်ကို ကြောက်ရွံ့သောကြောင့် သူတို့သည် လွှတ်တော်အရာရှိမင်းများရှေ့တွင် တိတ်ဆိတ်စွာ ခေါ်ဆောင်ခဲ့သည်။ ယဇ်ပုရောဟိတ်မင်းသည် အဘယ်ကြောင့် ယေရှု အကြောင်းကို သွန်သင်နေရသနည်းဟု တမန်တော်တို့အား မေးမြန်းခဲ့၏။ ပေတရုသည် အဘယ်သို့ တုန့်ပြန်ခဲ့သနည်း။ အငယ် ၂၉-၃၂။



ကောင်စီအဖွဲ့ဝင်များသည် အလွန်ဒေါသထွက်လာကြပြီး၊ သူတို့သည် တပည့်တော်များကို ချက်ချင်းသတ်ပစ်ဖို့ရန် အသင့်ရှိနေခဲ့ကြ၏။ သို့သော် ဂါမလျေလ အမည်ရှိသောသူတစ်ဦးသည် ကောင်စီ၏လေးစားရသော အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး၊ သူသည် မတ်တပ်ထ၍ အလွန်ပညာရှိသော အကြံဉာဏ်တချို့ပေးခဲ့လေ၏။ ထိုသူ၏နိဂုံးသည် အဘယ်အရာဖြစ်ခဲ့သနည်း။ အငယ် ၃၈၊ ၃၉။

ကောင်စီသည် ဂါမလျေလ၏အကြံဉာဏ်ကို သဘောပေါက်ခဲ့ကြသည်။ သို့သော် သူတို့သည် တပည့်တော်များကို မလွှတ်မီ ရိုက်နှက်နေဆဲဖြစ်၏။ ထိုသို့ရက်စက်သော အပြုအမူကို တပည့်တော်များက အဘယ်သို့တုန့်ပြန်ခဲ့သနည်း။ အငယ် ၄၁၊ ၄၂။

အသင်းတော်သည် ဆက်လက်ကြီးထွားတိုးတက်လာသည်နှင့်အမျှ၊ အသစ်သောပြဿနာသည် ထပ်၍ပေါ်ပေါက်လာ၏။ ဟေလသလူမျိုးယုံကြည်သူအချို့က သူတို့၏လူမျိုးမှ မုဆိုးမများသည် ဟေဗြဲမုဆိုးမများလောက် အကူအညီများစွာမရရှိဟု ထင်သောကြောင့် ညည်းညူခဲ့ကြ၏။ ဤပြဿနာသည် ကြီးလေးသော ပြဿနာတစ်ခုဖြစ်လာခဲ့၏။ အဘယ်ကြောင့်ဆိုသော် အသင်းတော်သည် ထိုအချိန်မတိုင်မီ စည်းလုံးမှုရှိကြပြီး၊ သို့သော် ယခုအချိန်၌၊ စည်းလုံးမှုကို ခြိမ်းခြောက်သည့်ပြဿနာနှင့် ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် တပည့်တော်တို့သည် ချက်ချင်း ဖြေရှင်းချက်တစ်ခုကို အဖြေရှာအကြံပေးခဲ့ကြသည်။ သူတို့၏စီမံချက်က ဘာလဲ။ တမန်တော် ၆း၂-၄။

၎င်းသည် ကောင်းသောစီမံချက်တစ်ခုဖြစ်ခဲ့၏။ တပည့်တော်တို့သည် အကောင်းဆုံးလုပ်ဆောင်ခဲ့ကြ၏။ သို့သော် အသင်းတော်သည် ကြီးထွားများလာသည်နှင့်အမျှ၊ အရာရာတိုင်းကို သူတို့ကိုယ်တိုင် ဂရုစိုက် မစောင့်ရှောက်နိုင်ခဲ့ကြတော့ချေ။ အခြားသောသူများနှင့်အတူ သူတို့၏တာဝန်များကို ဝေငှဖို့ရန်သာ ပညာရှိရာရောက်ခဲ့ကြ၏။ ထိုသို့ပြောင်းလဲခြင်း၏ အကျိုးရလဒ်နှင့်အတူ အဘယ်သို့ ဖြစ်ပျက်ခဲ့သ နည်း။ အငယ် ၇။

**လက်တွေ့ကျင့်သုံးရန် -** ဘုရားသခင်သည် သူ့အဖို့အလို့ငှာ သူ့တပည့်တော်များထံသို့ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံစားရန် တခါတရံ ခွင့်ပြုပေးထားသည်။ သို့သော် ထိုသို့ဖြစ်ပါက၊ ကျွန်ုပ်တို့သည် မပျော်ရွှင်နိုင်ဖြစ်ခဲ့ကြသည်။ ဘာကြောင့်လဲ။ ရှင်မဿဲခရစ်ဝင် ၅း၁၀-၁၂၊ ဟေရှာယအနာဂတ္တိကျမ်း ၄၁း၁၀ ကို ဖတ်ပါ။

© ၂၀၂၂ - My Bible First

သူတို့သည် တစ်ဦးအပေါ်တစ်ဦး နောက်ထပ်ငြင်းခုံမှုများ မလုပ်ဆောင်ခဲ့ကြတော့ချေ။ ထိုအချိန်တွင် သူတို့သည် သန့်ရှင်းသောဝိညာဉ်တော် ၏ အထူးဆုကျေးဇူးကို လက်ခံဖို့ရန် အသင့်ဖြစ်နေကြ၏။ ထို့နောက်တွင် အဘယ်သို့ဖြစ်ပျက်ခဲ့သနည်း။ တမန်တော် ဝတ္ထု ၂း၁-၃။

ထိုအချိန်သည် ပင်တေကုတ္တေပွဲနေ့ဖြစ်ပြီး၊ ကမ္ဘာအနှံ့မှ ယုဒလူများသည် ယေရုရှလင်မြို့၌ ရှိခဲ့ကြ၏။ ထိုလူများသည် ဘာသာစကားအမျိုးမျိုးပြောနေကြသည်။ သို့သော် တပည့်တော်များသည် ဘာသာစကားအလုံးစုံကို မသိခဲ့ကြချေ၊ ထို့ကြောင့် လူများအားလုံးအား သခင်ယေရှုအကြောင်းကို မပြောပြနိုင်ခဲ့ကြချေ။ သို့သော် နောက်တွင် ဘာဖြစ်ပျက်ခဲ့သနည်း။ အငယ် ၄-၁၁။

တချို့သောယဇ်ပရောဟိတ်များသည် ထိုအံ့ဖွယ်နိမိတ်အပေါ် စိတ်ဒေါသထွက်ခဲ့ကြပြီး၊ ထိုတပည့်တော်များသည် မူးယစ်နေကြပြီဟု ပြောဆိုခဲ့ကြ၏။ သို့သော် ပေတရုက ဘာသာစကားအမျိုးမျိုးပြောခြင်း၏အံ့ဖွယ်နိမိတ်အမှုသည် ပရောဖက်ပြုချက် အမှန်တကယ်ပြည့်စုံကြောင်းကို ပြသခဲ့သည်။ (ယောလအနာဂတ္တိကျမ်း ၂း၂၈၊ ၂၉)

ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ပေတရုက ရှင်းလင်းပြတ်သားစွာ၊ တန်ခိုးကြီးစွာ ဆက်လက်သက်သေပြခဲ့၏။ သူတို့သည် မေရှိယကို လက်ဝါးကပ်တိုင်ပေါ်အသေသတ်ခြင်းဖြစ်ကြောင်းကိုလည်း သူသည် ရဲရင့်စွာဟောပြောခဲ့သည်။ သို့သော် လွန်ခဲ့သော လအနည်းငယ်က သခင်ယေရှုကို ငြင်းပယ်ခဲ့သည်။ ပေတရုသည် ထိုအချိန်၌ သူ၏ပြောင်းလဲခြင်းသည် အံ့ဩဖွယ်ဖြစ်ပါသည်တကား။



တပည့်တော်များ၏စကားများကို သန့်ရှင်းသောဝိညာဉ်က တန်ခိုးပေါင်းထည့်ပေးသည်။ လူများတို့သည်လည်း သူတို့သခင်ယေရှုကိုကားတိုင်တင်ခြင်းဖြင့်ပြုလုပ်ခဲ့သော ကြောက်မက်ဖွယ်အမှားများကို သူတို့သည် ချက်ချင်းနားလည် သဘောပေါက်ခဲ့ကြသည်။ သူတို့သည် အဘယ်သို့တုန့်ပြန်ခဲ့သနည်း။ ပေတရုက သူတို့အား ဘာပြောခဲ့သနည်း။ တမန်တော်ဝတ္ထု ၂း၃၇၊ ၃၉။

ထိုနေ့တွင်၊ လူပေါင်း ၃၀၀၀ ကို ရေနှစ်ခြင်းပေးခဲ့ကြပြီး၊ ထိုအရာသည် ကြီးမားသော ရိတ်သိမ်းခြင်း၏အစဖြစ်ခဲ့သည်။ အငယ် ၄၆၊ ၄၇။

**လက်တွေ့ကျင့်သုံးရန်** - တပည့်တော်များရရှိခဲ့သကဲ့သို့ သင်သည် ဘုရားသခင်၏တန်ခိုးကို လိုချင်ပါသလား။ သင်ရရှိနိုင်ပါသည်၊ သို့သော် ထိုအရာကို လက်ခံရန်နှင့် အသုံးပြုရန် တပည့်တော်များနည်းတူ အဆင်သင့်ဖြစ်ဖို့ လိုအပ်ပါသည်။

## အင်္ဂါနေ့ ၊ ခြေဆွံ့ သောသူကို ကုသပေးခြင်း (တမန်တော်ဝတ္ထု ၃း၁-၄း၄) ၃

တစ်နေ့တွင် ပေတရုနှင့်ယောဟန်သည် ဗိမာန်တော်သို့ ဝတ်ပြုကိုးကွယ်ဖို့အလို့ငှာ မသွားခင်တွင် အတူတကွ ဆုတောင်းခဲ့ကြ၏။ လှပသောဂိတ်တံခါးကို ဖြတ်သွားသောအခါ၌ ခြေလက်မသန်စွမ်းသောလူတစ်ယောက်က တောင်းစားနေသည်ကို သတိပြုမိခဲ့ကြ၏။ ထိုသူသည် သူ၏အသက်တာနှစ်ပေါင်း ၄၀ လုံးလုံး ခြေဆွံ့သောသူဖြစ်သည်။

ထိုသူသည် ယေရှု၏ကုသခြင်းကို အလိုရှိခဲ့သောသူဖြစ်သည်။ သို့သော် သူသည် နောက်ဆုံး၌ ယေရုရှလင်သို့ရောက်ရှိသောအခါ၊ ယေရှုကပ်တိုင်တင်သတ်ခံရကြောင်း သူကြားသိခဲ့ရ၏။ သူ၏မိတ်ဆွေများသည်လည်း သူနှင့်အတူဝမ်းနည်းခံစားခဲ့ပြီး၊ ဗိမာန်တော်ဂိတ်တံခါးသို့ နေ့တိုင်းသွားတောင်းစားဖို့ရန် တိုက်တွန်းခဲ့၏။ ထို့ကြောင့်သာ သူသည် အစားအစာအတွက် လုံလောက်သော ငွေကို ရရှိနိုင်ခဲ့ကြသည်။ သူသည် ပေတရုနှင့် ယောဟန်အား ငွေကို တောင်းသောအခါ၌၊ ပေတရုသည် သူ့အား ဘာပြောခဲ့သနည်း။ တမန်တော်ဝတ္ထု ၃း၆။



ထို့နောက် ပေတရုသည် သူ၏လက်ကို ကိုင်ပြီး ဆွဲထူပေးခဲ့သည်။ ထို့နောက် မည်သို့ဖြစ်ခဲ့သနည်း။ အငယ် ၇၊ ၈။ ရုတ်တရက်အတွင်း၊ လူထုကြီးသည် ပေတရုနှင့် ကုသခံရသော ခြေဆွံ့သောသူတို့ပတ်လည်တွင် စုရုံးလာခဲ့ကြလေ၏။ လူများတို့သည် သခင်ယေရှု၏ပြုလုပ်လေ့ရှိသောအံ့ဖွယ်အမှုများကို မြင်ယောင်လာခဲ့ကြလေသည်။ သို့သော် သူတို့သည် တပည့်တော်များသည်လည်း ထိုနည်းတူ လုပ်ဆောင်နိုင်ကြောင်းကို အံ့သြခဲ့ကြ၏။

ထိုခြေဆွံ့သောလူကို ကုသပေးခဲ့သောတန်ခိုးသည် သူ၏တန်ခိုးမဟုတ်ကြောင်းကို ပေတရုသည် အလျှန်အမြန် ရှင်းပြခဲ့၏။ ထိုသူသည် အသက်၏သခင်ဖြစ်သော ယေရှုခရစ်တော်၌ယုံကြည်ခြင်းအားဖြင့် ကုသခြင်းခံခဲ့ရသည်။ ထို့ကြောင့် အသတ်ခံရသောသူများသည်လည်း တဖန်ထမြောက်မည်ဖြစ်သည်။ ပေတရုသည် သူတို့အား ဘာလုပ်ဖို့ရန် တောင်းဆိုခဲ့သနည်း။ အငယ် ၁၉။

ပေတရုပြောနေသောစကားများကို တချို့သော ဇဒ္ဒုကဲတို့ သည် ဆက်လက်နားမထောင်နိုင်ခဲ့ပေ။ သူတို့သည် ပေတရုဟောပြောသည့် သခင်ယေရှု၏ထမြောက်ခြင်းအကြောင်းကို ကြားသောအခါ၊ အလွန်စိတ်ဒေါသထွက်ပြီး၊ ပေတရုနှင့် ယောဟန်ကို အကျဉ်းထောင်ချခဲ့ကြလေ၏။ သူတို့သည် သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းနှင့် ယေရှုသည် ဧကန်အမှန် ထမြောက်ခဲ့ကြောင်း ယုံကြည်စေရန် ပေတရုနှင့် ယောဟန်တို့ သက်သေခံပြောနေခြင်းကို မယုံကြည်လက်မခံသောကြောင့် ဒေါသထွက်နေခြင်းဖြစ်သည်။

ဘာသာရေးခေါင်းဆောင်များ (ယဇ်ပရောဟိတ်များ၊ ကျမ်းတက်ပုဂ္ဂိုလ်များ) သည် ယေရှုခရစ်တော်ကို ငြင်းပယ်ခဲ့သော်လည်း၊ ဘုရားသခင်၏ဂရုဏာတော်သည် နောင်တရရန် သူတို့အား နောက်တဖန်အခွင့်အရေးပေးခဲ့သည်။ သူတို့သည် ဘုရားသခင်သည် သူ့တပည့်တော်များအားဖြင့် အလုပ်လုပ်နေကြောင်း ရိုးရှင်းသော သက်သေကို လက်ခံမည့်အစား၊ ဘုရားသခင်နှင့် တမန်တော်များကို တဖန်ပြန်၍ ဆန့်ကျင်ခြင်းကိုသာ ရွေးခဲ့ကြလေ၏။ သူတို့ ဘာလုပ်ခဲ့သနည်း။ တမန်တော်ဝတ္ထု ၄း၃။

**လက်တွေ့ကျင့်သုံးရန်** - အဘယ်ကဲ့သို့သော ရွေးချယ်မှုကို သင်ရွေးချယ်နေပါသလဲ။ သင့်ရဲ့အသက်တာ၌ တစ်ခုခုက ပြောင်းလဲရန် လိုအပ်ကြောင်း ဘုရားသခင်သို့မဟုတ် မိဘများက ထောက်ပြသောအခါတွင် သင်ကျေးဇူးတင်ပါသလား။ သို့မဟုတ် နားထောင်ရန် ငြင်းပယ်နေသလား။ သင့်အသက်တာကို ပြောင်းလဲဖို့ရန် သခင်ယေရှုကို နေရာပေးဖို့ ငြင်းပယ်နေပါသလား။

## ဗုဒ္ဓဟူးနေ့ ၊ သူတို့သည် သခင်ယေရှုနှင့်အတူရှိခဲ့ခြင်း (တမန်တော်ဝတ္ထု ၄း၅-၅း၃၁) ၄

ဘာသာရေးခေါင်းဆောင်များ (ယဇ်ပရောဟိတ်မင်းများနှင့် ကျမ်းတတ်များ) သည် ယေရှုအကြောင်း ဟောပြောနေသည့် တပည့်တော်များကို တားမြစ်ရန် ဆုံးဖြတ်ခဲ့ကြလေ၏။ တနည်းအားဖြင့်၊ သူတို့သာ အရေးကြီးသောသူများဖြစ်ကြောင်းနှင့် သူတို့သာ ဩဇာလွှမ်းမိုးရမည့်အကြောင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် နောက်တစ်ရက်နံနက်တွင် ဇဒ္ဒုကဲများအစည်းအဝေး၌ တစ်ခုခုကိုစီစဉ် လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ကြလေ၏။

ဇဒ္ဒုကဲများထဲမှ တချို့သောအဖွဲ့ဝင်များသည် ကျန်ခဲ့သောအပတ်၌ ပေတရုသည်လည်းပဲ ယေရှုကို ငြင်းပယ်ဖူးသူဖြစ်ကြောင်း သတိရခဲ့ကြသည်။ သူတို့သည် ပေတရုအား လွယ်ကူစွာ ခြိမ်းခြောက်နိုင်မည်ဟု ထင်ခဲ့ကြလေ၏။ သို့သော် သူတို့အထင်နှင့် တလွဲဖြစ်သွားလေ၏။ ထိုမနက်တွင် ပေတရုက သူတို့အား ဘာပြောကြားခဲ့သနည်း။ တမန်တော်ဝတ္ထု ၄း၇-၁၂။

ထိုအခါ ဘာသာရေးခေါင်းဆောင်များသည် စိတ်အလွန်ပူပန်ခဲ့ကြလေ၏။ ပေတရုနှင့် ယောဟန်သည် အလွန်ရဲရင့်ကြပြီး၊ သူတို့ မမြော်လင့်ထားသောပုံစံဖြစ်နေကြလေ၏။ ပေတရုနှင့် ယောဟန်တို့သည် အံ့ဖွယ်နိမိတ်တစ်ခုကို လုပ်ဆောင်ခဲ့ကြပြီး၊ သခင်ယေရှုခရစ်တော် လုပ်ဆောင်သကဲ့သို့ ကျမ်းစာပါအချက်များကို ကိုးကားခဲ့ကြ၏။ သူတို့သည် သခင်ယေရှုက သူတို့နှင့်အတူရှိခဲ့ကြောင်းကို သံသယကင်းစွာ ဟောပြောခဲ့ကြ၏။



ဘာသာရေးခေါင်းဆောင်များသည် အံ့ဖွယ်အမှုတစ်ခုဖြစ်ပျက်ခဲ့သည်ကို ငြင်းဆိုရန် ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းတစ်ခုခုကို သူတို့စဉ်းစားမိလျှင်၊ သူတို့သည် အလွန်ပျော်ရွှင်ကြလိမ့်မည်။ သို့သော် သူတို့မလုပ်နိုင်ခဲ့ကြပေ။ အလုံးစုံပြီးဆုံးသောနောက်၊ ထောင်ပေါင်းများစွာသော လူများသည် ထိုအရာကို သိခဲ့ကြပြီးဖြစ်သည်။ ထို့ပြင် ကုသခံရသော ခြေဆွံ့သောသူသည်လည်း ပေတရု၏အနောက်ဘက်တွင် မတ်တပ်ရပ်လျက်ရှိနေခဲ့၏။

ထိုလူအုပ်ကြီးသည် တစ်ယောက်မှတစ်ယောက်အဆင့်ဆင့်ပြောပြဝေငှနေကြသဖြင့်၊ ထိုဘာသာရေးခေါင်းဆောင်တို့သည် အံ့ဖွယ်နိမိတ်များကို ငြင်းပယ်ရန် မလုပ်နိုင်သောအခါ၊ နောက်ဆုံး၌ ထိုပြန့်ပွားမှုကို တားဆီးရန် ဆုံးဖြတ်ချခဲ့ကြလေ၏။ ထို့ကြောင့်၊ ပေတရုနှင့် ယောဟန်တို့အား ယေရှုအကြောင်းဟောပြောခြင်းကို ရပ်တန့်ရန် အသနားခံ၍ တိုက်တွန်းခဲ့ကြလေတော့သည်။ ပေတရုနှင့် ယောဟန် သည် သူတို့၏တောင်းဆိုမှုများကို သဘောတူညီခဲ့သလား။ အငယ် ၁၉၊ ၂၀။

သူတို့သည် ပေတရုနှင့် ယောဟန်အား ထိုသို့ထပ်မဟောမပြောရန် သတိပေးပြီး၊ လွတ်လပ်စွာ သွားရန် ခွင့်ပေးလိုက်၏။ ထိုလူနှစ်ယောက်တို့သည် တခြားယုံကြည်သူများ သူတို့အတွက်ဆုတောင်းပေးနေသောနေရာသို့ သွားခဲ့ကြလေ၏။ အဘယ်အကြောင်းအရာများ ဖြစ်ပျက်ခဲ့သည်ကို အလုံးစုံ တင်ပြခဲ့၏။

တပည့်တော်များသည် သူတို့၏လုပ်ဆောင်သောလုပ်ငန်း၌ သခင်ယေရှုကဲ့သို့ များစွာသော ဆန့်ကျင်ခြင်းများကို ရင်ဆိုင်ရမည်ဖြစ်ကြောင်း ပြောဆိုခဲ့ကြ၏။ ထို့ကြောင့်၊ သူတို့သည် တဖန်စုဝေးဆုတောင်းခဲ့ကြ၏။ ဘုရားသခင်သည် သာ၍ရဲရင့်ခြင်းပေးရန်၊ သူတို့အမှုတော်၌ တန်ခိုးများချပေးရန် ဆုတောင်းခဲ့ကြ၏။ သူတို့၏ဆုတောင်းခြင်းကို ဘုရားသခင်က အဘယ်သို့ အဖြေပေးခဲ့သနည်း။ အငယ် ၃၁။

**လက်တွေ့ကျင့်သုံးရန်** - သင်သည် သင့်သူငယ်ချင်းမိတ်ဆွေများနှင့် အတူရှိစဉ်ခါ၊ သခင်ယေရှုအတွက် ရဲရင့်စွာ ပြောပြခဲ့ဖူးပါသလား။ သူတို့က သင့်ကို ခြိမ်းခြောက်ပြီး လှောင်ပြောင်ခဲ့ဖူးပါသလား။ သခင်ယေရှုသည် ငြိမ်းချမ်းခြင်းကို ချစ်နှစ်သက်ခဲ့သည်။ သို့သော် သူသည် ငြိမ်းချမ်းခြင်းရဖို့ရန်အတွက် ဘယ်တော့မှ တစ်စုံတစ်ခုကို အမှားမကျူးလွန်ခဲ့ချေ။ သင်သည် ပေတရုနှင့် ယောဟန်တို့ကဲ့သို့ ရဲရင့်ခြင်း ရှိလိုလျှင်၊ သူတို့လုပ်ဆောင်ခဲ့သည်နည်းတူ ကျမ်းစာလေ့လာခြင်းအတွက်သော်လည်းကောင်း၊ ဆုတောင်းခြင်းအတွက်သော်လည်းကောင်း သခင်ယေရှုကို အချိန်ပေးရမည်ဖြစ်သည်။

## ကြာသပတေးနေ့ ၊ အာနနိနှင့် ရှိဖိရေ (တမန်တော်ဝတ္ထု ၄း၃၂- ၅း၁၃) ၅

အသင်းတော်အသစ်ကြီးထွားတိုးတက်မှုနှင့် ပတ်သတ်၍ အဘယ်သူမျှ မပျော်ရွှင်ခဲ့ကြချေ။ သခင်ယေရှု၏နောက်တော်သို့ လိုက်ရန် ရွေးချယ်သူများသည် သူတို့မိသားစုများနှင့် တရားဇရပ်များမှ တစ်ပြိုင်နက်စွန့်ခွာခဲ့ရသည်။ ထိုသို့အားဖြင့်၊ သူတို့၌ အစားအစာအတွက်သော်လည်းကောင်း၊ အဝတ်အစားအတွက် သော်လည်းကောင်း သူတို့ကိုယ်ရေးကိုယ်တာလိုအပ်ချက်များအား လုပ်ဆောင်၍ မရရှိကြချေ။ ထိုအရာအတွက် ယုံကြည်သူများ၏နှလုံးသားထဲတွင် သန့်ရှင်းသောဝိညာဉ်တော်သည် ဘာထည့်ထားပေးခဲ့သနည်း။ တမန်တော်ဝတ္ထု ၄း၃၂၊ ၃၄၊ ၃၅။

ယုံကြည်သူများကြားတွင် ချစ်ခြင်းမေတ္တာနှင့် စိတ်တစ်သဘောတည်းရှိခြင်းသည် အံ့သြဖွယ်ရာဖြစ်ခဲ့သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် သူတို့နှင့်အတူရှိခဲ့သောကြောင့်ဖြစ်သည်။ ထို့ကြောင့် သူတို့သည် တစ်ဦးကိုတစ်ဦး ကူညီကြပြီး၊ အရာအားလုံးကို ကိုယ်ကျိုးမငဲ့ဘဲ ရက်ရောစွာ ကူညီလုပ်ဆောင်နေခဲ့ကြလေ၏။



အာနနိနှင့် သူ၏မိန်းမ ရှိဖိရေတို့လည်း ထိုအထဲတွင် ပါဝင်ပြီး၊ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏လွှမ်းမိုးမှုအောက်တွင် ရှိနေကြပြီး၊ မြေတချို့ကို ရောင်း၍ လိုအပ်နေသောအသင်းသူအသင်းသားများကို ကူညီဖို့ရန် ငွေကို ပေးလှူရန် ကတိပေးခဲ့ကြ၏။ သို့သော်၊ နောက်ပိုင်းတွင် သူတို့ကိုယ်ပိုင်အတွက် ငွေအချို့ကို သိမ်းထားဖို့ရန် စတင်စဉ်းစားလာကြ၏။ နောက်ဆုံးတွင် သူတို့ပေးထားသော ကတိအတိုင်း၊ ငွေအားလုံးကို မပေးတော့ရန် ဆုံးဖြတ်ခဲ့ကြသည်။

၎င်းသည် ဘုရားသခင်၏အမှုတော်လုပ်ငန်းအတွက် သေချာသောပမာဏကို ပေးဆပ်ရန် သူတို့၏ပထမဆုံးကြီးမားသော မှားယွင်းသည့် ကတိကဝတ်ဖြစ်ခဲ့ပြီး၊ မြေကြီးဆိုင်ရာ ကြွယ်ဝမှု သည် သူတို့အတွက် ပို၍အရေးကြီးသောကြောင့် သူတို့၏ စိတ်နှလုံးကို ပြောင်းလဲပစ်ခဲ့သည်။ ထိုအရာကို “တပ်မက်ခြင်း” ဟု ခေါ်သည်။